ထော်ကလို့ကျေးရွာ
ထော်ကလို့ကျေးရွာအုပ်စု၊ မြောင်းမြမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# (၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ထော်ကလို့ကျေးရွာအုပ်စု၊ ထော်ကလို့ကျေးရွာ၊ မြောင်းမြမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြောင်းမြမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။)

၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


၁။ ထော်ကလို့ကျေးရွာ သယံဇာတပြမြေပုံ၊ မြောင်းမြမြို့နယ်

၂။ ထော်ကလို့ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ ပညာရေး

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၁။ ကျား/မရေးရာ

၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု(၄၈)ဇယားများ

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃)

# ထော်ကလို့ကျေးရွာ၊ သယံဇာတပြမြေပုံ



# ထော်ကလို့ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | သင့် | သင့် | သင့် | များ | များ | နည်း | သင့် | များ | များ | သင့် | နည်း | နည်း |
| ဝင်ငွေ | သင့် | သင့် | သင့် | များ | များ | နည်း | နည်း | များ | များ | သင့် | နည်း | နည်း |
| အသုံးစရိတ် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | နည်း | နည်း |
| ချေးငွေလိုအပ်မှု | သင့် | သင့် | သင့် | များ | များ | များ | များ | နည်း | နည်း | သင့် | သင့် | နည်း |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | နည်း | နည်း | သင့် | သင့် | သင့် | သင့် | သင့် | နည်း |
| သောက်သုံးရေ | သင့် | သင့် | များ | များ | များ | သင့် | သင့် | သင့် | သင့် | သင့် | သင့် | နည်း |
| [illegible] | များ | များ | သင့် | နည်း | များ | များ | သင့် | သင့် | သင့် | သင့် | နည်း | နည်း |
| [illegible] | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း | သင့် | နည်း | နည်း | သင့် | သင့် |
| ကျန်းမာရေး | သင့် | များ | သင့် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | နည်း | သင့် | သင့် |
| ပိုးမွှားကျရောက်မှု | နည်း | နည်း | နည်း | နည်း | သင့် | နည်း | နည်း | နည်း | နည်း | နည်း | သင့် | သင့် |
| ပွဲတော် | နည်း | သင့် | နည်း | သင့် | နည်း | နည်း | နည်း | နည်း | နည်း | သင့် | နည်း | နည်း |
| [illegible] | နည်း | သင့် | များ | များ | များ | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း |

## ၃။ တည်နေရာနှင့် ပထဝီအနေအထား

ထော်ကလို့ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၏ အရှေ့ဘက်(၇)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် အိမ်မဲမြို့နယ်အပိုင် ရှမ်းစုကျေးရွာ၊ ပုသိမ်စုကျေးရွာနှင့် ပုလုချောင်းခြားကာ အနောက်ဘက်တွင် မကျီးချောင်းကျေးရွာ၊ တောင်ဘက်တွင် မီးသွေးချောင်းကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ပုလုကျေးရွာတို့နှင့်နယ်နမိတ်ထိစပ်လျှက်ရှိပြီး အမှတ်(၇)စီမံကိန်းလမ်းမကြီးအား အသုံးပြု၍ မြောင်းမြမြို့သို့ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပါသည်။

မြောင်းမြမြို့သို့ ဝင်ထွက်သွားလာရန် အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာမြို့များဆုံရာ ပုလုချောင်းအတွင်းတည်ရှိနေခြင်းကြောင့် ရေလမ်းခရီးအချက်အချာကြသည့်ကျေးရွာအဖြစ် တည်ရှိနေပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တွင်းထွက်ဆိုင်ရာ သဘာဝအရင်းအမြစ်များ မရှိသော်လည်း နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးစားသုံးရန် လယ်ပေကူ၊ ကနဖော့၊ ကန်စွန်း၊ အစရှိသည့်အပင်များ၊ ဆေးဘက်ဝင် ဖုန်းမသိမ်၊ ခွေးသေးပန်း၊ သက်ရင်းပင်၊ သခွပ်ပင်များ အလေ့ကျပေါက်လေ့ရှိပါသည်။ အိမ်ဆောက်ပစ္စည်းအသုံးပြုရန်အတွက် ဝါးဘိုး၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးကောက်၊ ပျဉ်းမပင်၊ သပြေပင်များ၊ လောင်စာအသုံးပြုရန်အတွက် မိုးမခပင်၊ မအူပင်၊ ကုက္ကိုလ်ပင်၊ ကမ်းထိန်းနံရံအဖြစ် လမုပင်နှင့် ကနစိုပင်များမြစ်ကမ်းပါးတစ်လျှောက် အလေ့ကျပေါက်ရောက်လျှက်ရှိခြင်းသည် ကျေးရွာ၏ သဘာဝအရင်းအမြစ်များအဖြစ် တည်ရှိနေပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်အများစု နေထိုင်ကြပါသည်။ ကျေးရွာအသင်းထောက်(ဂေါပက)အဖွဲ့နှင့် ကျေးရွာရပ်မိရပ်ဖများမှ ကော်မတီအဖွဲ့ ဖွဲ့စည်းကာ ကျေးရွာပိုင်လယ်မြေကေ(၁၀)ကေထားရှိပြီး ယင်းလယ်မြေမှ စိုက်ပျိုးရရှိလာသော ဝင်ငွေများနှင့် ကျေးရွာသူ/သားများပံ့ပိုးမှုဖြင့် လက်ရှိအချိန်ထိ ဘုရားရှိခိုးကျောင်းဆောင်၊ အထွေထွေခန်းမဆောင်၊ ကျေးရွာမူလတန်းကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာဆိပ်ခံတံတား၊ ကျေးရွာလုံးကျွတ်ကွန်ကရစ်ကရစ်လမ်းခင်းခြင်းများအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။

လက်ရှိအချိန်တွင် ကျေးလက်ဦးစီးဌာနနှင့် ရေအရင်းအမြစ်ဦးစီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း၊ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ စာကြည့်တိုက်၊ မူကြိုကျောင်း၊ မူလွန်ကျောင်း၊ ကျေးလက်ဆေးပေးခန်း ရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ ဆွေးနွေးတင်ပြပြီး ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများ စီစဉ်ဆောင်ရွက်လျှက်ရှိနေပါသည်။

## ၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာသည် သင့်တင့်မျှတသော ရေမြေရာသီဥတုရှိနေခြင်းကြောင့် မိုးစပါးနှင့် ဆောင်းရာသီတွင် နွေစပါးများကို အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီအလိုက် သီးနှံများအဖြစ် ကန်စွန်း၊ ချဉ်ပေါင်၊ ခရမ်း၊ သခွား၊ ရုံးပတီသီး၊ တိုင်ထောင်ပဲ အစရှိသည့် ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း မိသားစုဝင်ငွေအတွက် အနည်းငယ် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များလိုအပ်နေပြီး ဆက်စပ်ပစ္စည်းများဖြစ်သည့် ဒီဇယ်၊ မြေဩဇာ၊ ပိုးသတ်ဆေးများအား ဈေးနှုန်းမြင့်မားစွာ ဝယ်ယူရခြင်း၊ ထွန်ယက်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ ထွန်စက်၊ ရိတ်သိမ်းစက်များ လုံလောက်စွာမရှိခြင်းတို့ကြောင့် သီးနှံများရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းများ ကြုံတွေ့နေရပါသည်။ ဥယျာဉ်ခြံမြေရှိသူများအနေဖြင့် ကွမ်းသီး၊ ငှက်ပျော၊ အုန်းတို့ကို စိုက်ပျိုး၍ရရှိသောဝင်ငွေများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အဓိကမွေးမြူရေးလုပ်ငန်းဟူ၍ သီးခြားမရှိပါ။ နွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲတို့ကို စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ရင်းနှီးလုပ်ကိုင်ရန် ငွေကြေးအခက်အခဲရှိခြင်း၊ စနစ်တကျမွေးမြူရေးဆိုင်ရာ အသိပညာအားနည်းခြင်း၊ တိရိစ္ဆာန်အစာများ ဈေးနှုန်းမြင့်မားခြင်း၊ စနစ်တကျလုပ်ကိုင်ရန် အသိပညာ အားနည်းခြင်း၊ ရာသီအလိုက် တိရိစ္ဆာန်များတွင် ကျရောက်တတ်သော ရောဂါများနှင့်ပတ်သက်၍ ကာကွယ်ကုသရေးဆိုင်ရာဆေးဝါးကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာရှိ ဆင်းရဲသောအိမ်ထောင်စု အများစုမှာ ကျပန်းလုပ်ကိုင်စားသောက်လုပ်ကိုင်နေသူများဖြစ်ကြပြီး သီးနှံစိုက်ပျိုးချိန်တွင် နေ့စား၊ အချိန်အခါအလိုက် ပန်းရံ၊ လက်သမား၊ နီးစပ်ရာ ဆန်စက်များတွင် အထမ်းသမား အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျေးရွာမှာ မြစ်၊ ချောင်းနံဘေးတွင် တည်ရှိခြင်းကြောင့် လှေ၊ စက်လှေများရှိသူများအနေဖြင့် ငါးဖမ်းခြင်း၊ နဝလီအငှားပို့ဆောင်ပေးခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ ကိုယ်ပိုင် မတည်နိုင်သည့် ငွေကြေးပေါ်မူတည်၍ ကုန်စိမ်း၊ ကုန်ခြောက်ဆိုင်များဖွင့်ကာ ရောင်းဝယ်ဖောက်ကားခြင်း၊ အချို့လူငယ်၊

လူရွယ်များအနေဖြင့် ပြည်တွင်း၊ ပြည်ပများသို့ အသွင်အမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်ခြင်း စသည့် အခြားဝင်ငွေရလုပ်ငန်းမျိုးစုံတို့ကို လုပ်ကိုင်ကြရပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ကေလျှင် (၁၅၀၀၀၀/-)ကျပ်နှုန်း (၁၀)ကေ အကန့်အသတ်ဖြင့်သာ ထုတ်ချေးပါသည်။ အခြားအသေးစားဝန်ဆောင်မှုအဖွဲ့များလည်း အနည်းငယ်ရှိပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူများလည်းရှိသောကြောင့် နှစ်ရှည်ချေးငွေထုတ်ချေးသောအဖွဲ့အစည်းများလိုအပ်ပါသည်။

## ၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာသည် မြစ်ချောင်းနံဘေးနှင့် ကပ်လျှက်တည်ရှိနေခြင်းကြောင့် ရေလမ်းခရီးကိုပို၍တွင်ကျယ်စွာ အသုံးပြုပါသည်။ လပွတ္တာ၊ ဝါးခယ်မ၊ အိမ်မဲ မြို့ကြီးများဆုံရာဗဟိုချက်နေရာဖြစ်သဖြင့် လိုင်းသင်္ဘောများ အချိန်ပြည့်ခုတ်မောင်းသွားလာခြင်းနှင့် ကျေးရွာတွင် စက်တပ်ရေယာဉ်များရှိခြင်းကြောင့် ရေလမ်းသယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့ပါသည်။ ကုန်းလမ်းခရီးတွင် ကျေးရွာချင်းဆက်လမ်းများကောင်းမွန်စွာမရှိခြင်း၊ မြောင်းမြမြို့နှင့်နီးကပ်စွာတည်ရှိသော်လည်း မြောင်းမြ–စကားမြား ဆက်သွယ်ရေးလမ်းမှာ မြေသားလမ်းအဆင့်သာရှိ၍ ရာသီမရွေးသွားလာမရသဖြင့်ခက်ခဲမှုများစွာရှိနေပါသည်။ အဆိုပါဆက်သွယ်ရေးလမ်းအား အဆင့်မြှင့်တင်လုပ်ဆောင်ပေးပါက မိမိတို့ကျေးရွာတွင်သာမကဘဲ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာပြီး အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ကျေးလက်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် မီးလင်းရေးအနေဖြင့် ဆိုလာနှင့် ဘက်ထရီကိုသာ အသုံးပြုကြပါသည်။ အခြား ဒီဇယ်၊ ဓာတ်ဆီ အင်ဂျင်စက်ဖြင့် အသုံးပြုသူအနည်းငယ်လည်းရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုအချို့မှာ ဖယောင်းတိုင်နှင့် ဆီမီးခွက်အသုံးပြုသူလည်း အနည်းငယ်ရှိပါသည်။ ကျေးရွာမှာ မြို့နှင့် (၇)မိုင်ကျော်ကွာဝေးသည့်အတွက် ကျေးရွာမီးလင်းရေးဆောင်ရွက်ရန် အလွန်ခက်ခဲပါသည်။ကျေးရွာရှိ ပြည်သူများမှာ လျှပ်စစ်ဓါတ်အားရရှိရန် စိတ်အားထက်သန်နေကြပြီး လျှပ်စစ်ဓါတ်အားရရှိသည့်

အိမ်မဲမြို့နယ်၊ ပုလုညောင်ဝိုင်းကျေးရွာမှ နယ်စပ်ချောင်းအား ဖြတ်ကျော်ရန် လိုအပ်သည့် မီးကြိုးတိုင်များအား နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဆိုပါက ရွာနီးချင်းကျေးရွာများစုပေါင်း၍ Transformer ရရှိရေး ဆောင်ရွက်နေခြင်းကြောင့် ကိုယ်ထူကိုယ်ထ မီးလင်းရေးအား လျှင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်၊

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် သတင်းနှင့်ဆက်သွယ်ရေးအတွက် ရေဒီယို၊ PSI ၊ SKYNET စက်များကို အသုံးပြု၍ သတင်းအချက်အလက်များကို ရှာဖွေကြည့်ရှုကြပါသည်။ ဖုန်းကို အိမ်တိုင်းလိုလို အသုံးပြုကြသော်လည်း ဆက်သွယ်ရေးလိုင်းနှင့် အင်တာနက် လိုင်းများ ကောင်းစွာချိတ်ဆက်မရသဖြင့် သတင်းနှင့်အချက်အလက်များ အချိန်နှင့် တပြေးညီမရရှိနိုင်ခြင်းနှင့် ဆက်သွယ်ရေးနှင့်ဆက်စပ်သည့် ငွေလွှဲ၊ ငွေထုတ်လုပ်ငန်း များကြန့်ကြာမှုရှိနေပါသည်။ နေ့စဉ်ထုတ် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ဖတ်ရှုရန်အတွက်လည်းဝေးကွာသည့်မြို့နယ်သို့ သွားရောက်ဝယ်ယူဖတ်ရှုရပါသည်။

## ၈။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်မှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်း အထိသာရှိပြီး ကျေးရွာသူ/သားအများစုသည် အခြေခံ အရေး၊ အဖတ်အတွက်သာ တတ်မြောက်ကြပြီး တက္ကသိုလ်မှဘွဲ့ရသူ နည်းပါးပါသည်။ မိသားစုစီးပွားရေး အခက်အခဲများနှင့် အတူနေမိသားစုဝင်များ၏ ပညာရေးဗဟုသုတနည်းပါးခြင်းကြောင့် ပညာရေးအတွက် ထောက်ပံ့ ပေးခြင်း၊ ပညာပေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းနှင့် ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ အခြားအသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများ တက်ရောက်ရန် လက်လှမ်းမမီသောကြောင့် လူငယ်များမှ အသက်မွေးဝမ်းကျောင်း ပညာလိုအပ် နေသည့်အတွက် အသိပညာပေး အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ် ပါသည်။

## ၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိ ကျေးရွာသူ/သားအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု နည်းပါးပါသည်။ ရာသီအလိုက်ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါများသာ အများဆုံးဖြစ်လေ့ရှိပါသည်။ မြစ်၊ ချောင်းရေကိုသာ အဓိကထားသောက်သုံးကြရပြီး ကျေးရွာနှင့် အနီးအနားကျေးရွာများမှ စည်းကမ်းမဲ့စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားမည်ကို စိုးရိမ်ရပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသေးခြင်းကြောင့် အရေးကြီးလူနာများအား မြို့နယ်ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ စက်လှေဖြင့်(၁)နာရီကျော်ကြာ

မောင်းနှင်ရသည့်အတွက် မလိုလားအပ်သော သေဆုံးမှုများ မကြာခဏကြုံတွေ့ရတတ်ပါသည်။ ကျေးရွာ၏ ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ လိုအပ်နေပါသည်။

ကျေးရွာအဖွဲ့အစည်းများမှ ခြင်ဆေးဖျန်းခြင်း၊ ချုံနွယ်တောများရှင်းလင်းခြင်း၊ အမှိုက်သရိုက်များအားစုပုံ၍ မီးရှို့ဖျက်ဆီးခြင်းများအား အခါအားလျော်စွာ နှိုးဆော်ပြီး ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

## ၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် သီးနှံအထွက်နှုန်းတိုးရေးကိုသာ အလေးထားလာကြသည့်အတွက် ဓါတုကွန်ပေါင်းဓါတ်မြေဩဇာများ လွန်ကဲစွာ အသုံးပြုကြခြင်းကြောင့် မြေဆီလွှာပျက်စီးခြင်း၊ အင်အားပြင်း ပိုးသတ်ဆေးများပတ်ဖျန်းခြင်းတို့ကြောင့် တောင်သူလယ်သမားများနှင့် စားသုံးသူများ သေကြေပျက်ဆီးကြပါသည်။ စိုက်ပျိုးသီးနှံများမှာလည်း နှစ်စဉ် ဆင့်ကဲပိုးမွှား ကျရောက်သည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေကြရပါသည်။

မိုးရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပြီး မြစ်ချောင်းများတွင် စက်လှေ ယာဉ်ကြီး၊ ယာဉ်ငယ်များ ခုတ်မောင်းသွားလာကြခြင်းကြောင့် မြစ်ချောင်းကမ်းပါးများပြိုကျမှု အန္တရာယ်မှ ကာကွယ်ရန် ရေထိန်းနံရံများဆောက်လုပ်ခြင်းနှင့် ကမ်းစပ်များတွင် လမုပင်များ စိုက်ပျိုးပြီး မြစ်ချောင်းကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်နေရပါသည်။

## ၁၁။ ကျား/မ ရေးရာ

ကျား/မရေးရာဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူဆောင်ရွက်လေ့ရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသောကိစ္စများနှင့် အခြားလူမှုရေးကိစ္စများဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင်လည်း ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းများဆောင်ရွက်ကြပါသည်။ အမျိုးသားများသည် လယ်ထွန်ခြင်း၊ ပျိုးနုတ်ခြင်းစသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများအခန်းကဏ္ဍအသင့်အတင့်သာရှိပြီး ပညာရေးကဏ္ဍတွင် မူလတန်းမှ တက္ကသိုလ်အထိ ကျား/မ တန်းတူအခွင့်အရေးရရှိပါသည်။

## ကျေးရွာဦးစားပေးစီမံချက်များ

မြောင်းမြမြို့နယ်

ထော်ကလို့ကျေးရွာ

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည် | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ကျေးရွာကွန်ကရစ်လမ်းခင်းရန် | ၁၀၀ | ၁ |
| ၂ | ကျေးရွာ လျှပ်စစ်မီးရရှိရန် | ၈၇ | ၂ |
| ၃ | ကျေးရွာစာကြည့်တိုက်ရရှိရန် | ၇၉ | ၃ |
| ၄ | ကျေးရွာမူလွန်ကျောင်းဆောင်ဆောက်လုပ်ရန် | ၆၅ | ၄ |
| ၅ | ကျေးရွာဆေးပေးခန်းဆောက်လုပ်ရန် | ၅၅ | ၅ |

ပြုစုသူအမည် - ဦးသိန်းဇော်ဦး ဖုန်းနံပါတ် - ၀၉-၄၄၂၇၇၇၆၁၇

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ကဏ္ဍ – လမ်း** | | | | | |
| ၁ | ကျေးရွာအဝင် လမ်းသွားလာရ ခက်ခဲခြင်း | အနီးအနားကျေးရွာများ မှကျောင်းသား/သူများ အလယ်တန်း ၊အထက် တန်းကျောင်းများသို့ ဖြတ်သန်းသွားလာရ သည့်လမ်းဖြစ်ခြင်း | ရွာသူ/သားများမှာ စည်း လုံးမှုရှိခြင်း၊ ငွေကြေး အသင့်အတင့်ထည့်ဝင်နိုင် ခြင်း၊ စုပေါင်းလုပ်အား ပေးနိုင်ခြင်း။ | လမ်းခင်းရန်ငွေကြေး အသင့်အတင့်သာ ရှိပြီးလုံလောက်မှု မရှိခြင်း။ | ကျေးရွာလမ်းဖြစ်မြောက် ရေးကော်မတီဖွဲ့စည်းပြီး အထောက်အပံ့ပေးနိုင် သောအဖွဲ့အစည်းသက် ဆိုင်ရာဌာနများနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း။ အိမ်ထောင်စုအလိုက်ငွေ ကြေးကောက်ခံခြင်း။ | ကျေးရွာအဝင် လမ်းကွန်ကရစ် ခင်းခြင်း |
| | **ကဏ္ဍ – မီးလင်းရေး** | | | | | |
| ၂ | မဟာဓါတ်အား လိုင်းမှ လျှပ်စစ်မီး မရရှိခြင်း | ကျေးရွာတွင် ဆိုလာပြား နှင့်ဘက်ထရီအားသွင်း သည့်မီးကိုသာသုံးစွဲနေ ရခြင်း | မဟာဓါတ်အားလိုင်းနှင့်(၇) မိုင်ကျော်သာဝေးကွာခြင်း၊ ငွေကြေးအနည်းငယ်ထည့် ဝင်နိုင်ခြင်း၊ ရွာနီးချင်း ကျေးရွာများစုပေါင်း၍ Transformerရရှိရေး ဆောင်ရွက်နေခြင်း၊ | ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန်အ တွက်ငွေကြေး မပြည့်စုံခြင်း | သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ မီးလင်းရေးကော်မတီ တစ်ရပ်ဖွဲ့စည်းခြင်း | မဟာဓါတ်အား လိုင်းမှလျှပ်စစ် မီးသွယ်တန်းခြင်း |

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ကဏ္ဍ – ကျေးရွာစာကြည့်တိုက်** | | | | | |
| ၃ | ကျေးရွာစာကြည့်တိုက်မရှိခြင်း | အခြေခံဗဟုသုတနည်းပါးခြင်း၊ စာကောင်းပေကောင်းများလေ့လာဖတ်ရှုနိုင်ရန် ခက်ခဲခြင်း | ငွေကြေးအသင့်အတင့် စိုက်ထုတ်နိုင်ခြင်း၊ ကျေးရွာမှ စုပေါင်းလုပ်အားပေးနိုင်ခြင်း၊ | ငွေကြေးအလုံအလောက်မရှိခြင်း၊ | သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်တည်ဆောက်ခြင်း |
| | **ကဏ္ဍ – ပညာရေး** | | | | | |
| ၄ | ကျေးရွာမူလွန်ကျောင်းမရှိခြင်း | အခြားကျေးရွာရှိအလယ်တန်းကျောင်းသို့တက်ရောက်ရခြင်း၊ အဆင်မပြေသောမိသားစုဝင်များအခက်အခဲရှိခြင်း | တည်ဆောက်ရန်မြေနေရာရှိခြင်း၊ စုပေါင်းလုပ်အားပေးနိုင်ခြင်း | ငွေကြေးအလုံအလောက်မရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း | သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ကျေးရွာမူလွန်ကျောင်းတည်ဆောက်ခြင်း |

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ကဏ္ဍ – ကျန်းမာရေး** | | | | | |
| ၅ | ကျေးလက်ဆေး ပေးခန်းမရှိခြင်း | သာမန်ကျန်းမာရေးစစ် ဆေးရန်ခက်ခဲခြင်း၊ ကျန်းမာရေးနှင့်သက် ဆိုင်သောအစားအ သောက်အလေ့အကျင့် ကောင်းစသည့်ဗဟုသုတ များအားနည်းခြင်း၊ မလို လားအပ်သောအသက် ဆုံးရှုံးမှုများဖြစ်ပေါ်နေ ခြင်း | မြေနေရာအလှူရှင်ရှိခြင်း၊ စုပေါင်းလုပ်အားပေးနိုင် ခြင်း၊ ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း | ကျန်းမာရေးဆရာ/ ဆရာမများမရှိခြင်း၊ ဆေးခန်းဆောက်လုပ် ရန်ကျွမ်းကျင်အင်ဂျင် နီယာမရှိခြင်း၊ | သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ ကော်မတီဝင်များဖွဲ့စည်း ခြင်း | ကျေးလက်ဆေး ပေးခန်းတည် ဆောက်ခြင်း |

မြောင်းမြမြို့နယ် ထော်ကလို့ကျေးရွာအုပ်စု၊ ထော်ကလို့ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှကြိုင် | ဦးအုန်းလွင် | ၁၄/မမန(နိုင်) ၁၄၈၆၉၆ | ၆၂ | ဥက္ကဋ္ဌ | ၀၉-၂၅၄၂၉၈၈၁၁ |
| ၂ | နော်စေးနေဖော | ဦးစောကော်မူ | ၁၄/မမန(နိုင်) ၁၉၄၅၈၅ | ၃၅ | အတွင်းရေးမှူး | ၀၉-၉၆၂၅၀၂၉၈၀ |
| ၃ | ဦးဖလယ်စိုး | ဦးစောကော်မူ | ၁၄/မမန(နိုင်) ၁၅၀၁၇၉ | ၄၃ | ဘဏ္ဍာရေးမှူး | ၀၉-၇၇၃၀၂၃၇၁၂ |
| ၄ | နော်ဆာအယ်ထူး | ဦးထူးဘော | ၁၄/မမန(နိုင်) ၂၁၄၉၉၀ | ၃၅ | စာရင်းကိုင် | ၀၉-၂၆၇၁၇၅၇၄၄ |
| ၅ | ဦးသိန်းဇော်ဦး | ဦးစံသိန်း | ၁၄/မမန(နိုင်) ၂၁၈၈၈၈ | ၄၆ | ဝယ်ယူရေးဆပ်ဥက္ကဋ္ဌ | ၀၉-၆၇၈၆၂၂၄၂၁ |
| ၆ | ဦးအယ်ခရစ်ထူး | ဦးရှိုးရှို | ၁၄/မမန(နိုင်) ၂၀၁၈၂၈ | ၄၂ | အဖွဲ့ဝင် | ၀၉-၇၈၀၃၀၂၂၉၃ |
| ၇ | နော်ရဲမေဝါး | ဦးစောဖိုးရဲ | ၁၄/မမန(နိုင်) ၂၂၁၉၅၀ | ၃၇ | အဖွဲ့ဝင် | ၀၉-၂၆၂၄၅၄၈၅၃ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၆ | ၁၇ | ၄၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၅ | ၂၇ | ၆၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၈ | ၂၆ | ၆၄ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၅၁ | ၃၁၂ | ၆၆၃ | ၄ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၃၃ | ၅၂ | ၁ | ၃ |
| စုစုပေါင်း | | ၄၇၄ | ၄၁၆ | ၈၉၀ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၈၅ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။။အသက်အုပ်စုၥနှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)**
**နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)**
**နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)**
**နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)**
**နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)**
**နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)**
**နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ထော်ကလို့ကျေးရွာတွင် အိမ်ခြေပေါင်း (၁၈၅) ၊ လူဦးရေမှာ(၈၉၀) ဦးရှိပြီး ကျား(၄၇၄)ဦး ၊ မ(၄၁၆)ဦး ဖြစ်ပါသည်။ ကျေးရွာရှိ လူဦးရေ စာရင်းကောက်ယူမှုအရ အလုပ် မလုပ်နိုင်သောဦးရေမှာ ပျမ်းမျှ စုစုပေါင်း၏(၂၅%)ဖြစ်ပြီး၊ အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်း၏ (၇၅%)ရှိသဖြင့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ကျေးရွာတွင် (၆၅)နှစ်နှင့်အထက် သက်ကြီး ရွယ်အိုများလည်းရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၈ | ၁၂၁ | ၈ | ၁၀၄ | ၁၇ | ၁၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀၂ | ၁၈၉ | ၂၀ | ၁၃၇ | ၅၂ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | | ၃ | ၁ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | | ၂ | | | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | | | ၄ | ၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၁ | ၇ | ၃ | ၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၉ | | ၇ | ၂ | ၆ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးကဏ္ဍ၌ လယ်ပိုင်ဆိုင်သူ အတော်အသင့်ရှိ၍ လုပ်သား အင်အား နည်းပါးခြင်း၊ မွေးမြူရေးကဏ္ဍတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးသာရှိ၍ လုပ်သားငှားရမ်းမှုမရှိပါ။ ဈေးရောင်း ဝယ်သူများရှိသော်လည်း အဓိကလုပ်ငန်းအဖြစ်မရပ်တည်ကြပါ။ ကျပန်းအများစုမှာ လယ်အငှားစိုက်၊ ဝါးခုတ်၊ နေ့စားခနိထိုး အလုပ်များကို အများဆုံးလုပ်ကိုင်ကြပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၄၀၀၀ | - | ၃၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။** လယ်ယာလုပ်ငန်းနှင့်အခြားနေ့စားလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြသည့် အလုပ်သမားများ၏တစ်နေ့တာလုပ်အားခမှာ (၅၀၀၀)ကျပ်ရရှိပြီး တစ်နာရီလုပ်အားခမှာ(၆၂၅)ကျပ်သာရရှိကြောင်းတွေ့ရှိရပါသည်။ ပန်းရံ၊ လက်သမားများ၏လုပ်အားခမှာ(၁၀၀၀၀)ကျပ်ရရှိသော်လည်း နေ့စဉ်လုပ်ငန်းလည်ပတ်ရန်မရှိခြင်း၊ အမျိုးသမီးများ၏ တစ်နေ့တာလုပ်အားခမှာ အမျိုးသားများ၏လုပ်အားခ ရပ်တည်မှုအောက်တွင်ရှိကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၀၉ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၉ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၅၃၈** | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)**
**မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာမြေ(၅၀၉)ဧကနှင့် ဥယျာဉ်ခြံမြေမှာ(၂၉)ဧကရှိပြီး စိုက်ပျိုးမြေဆီလွှာ အရည်အသွေးမှာ သင့်တင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဂ-၂) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ထော်ကလို့ကျေးရွာသည် မြစ်ချောင်းရေကိုသာ အသုံးပြုလေ့ရှိပါသည်။ သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများနှင့် အပူပိုင်းသစ်တော၊ ဒီရေတောများမရှိသော်လည်း နွားစာနှင့် အခြားဆေးဖက်ဝင်အပင်များအလေ့ကျပေါက်ရောက်လျှက်ရှိသည်ကို တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၆၂ | ၉၃ | ၂၀ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ အဆင်ပြေသောအိမ်ထောင်စု(၁၀)စုတွင် သင့်တင့်သောမြေယာပိုင်ဆိုင်မှုများရှိနေခြင်းနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့်မိသားစုများမှ ပြန်ပို့ငွေများစီးဆင်းနေကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ စီးပွားရေးတွင် လွန်စွာရုန်းကန်နေရပြီး မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများမှာ အိမ်ထောင်စု စုစုပေါင်း၏ထက်ဝက်ကျော်ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဋ္ဌစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၂ | ၁ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ၃ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၅ | ၁ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ၆ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၃ | ၁ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ၁၄ |

**ရင်းမြစ်..ဋ္ဌစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမှာ များပြားပြီး အဆင်ပြေသောအိမ်ထောင်စုမှာ အနည်းငယ်သာရှိသဖြင့် ဝမ်းစာဖူလုံရန်အတွက် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မသန်စွမ်းသည့်ပုဂ္ဂိုလ်များနှင့် သက်ကြီးရွယ်အိုများအား မိသားစုဝင်များမှ စောင့်ရှောက်ကြပါသည်။ ဆင်းရဲ၍မိသားစုဝင်များသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စုများမှာ အခြားဒေသများသို့ ကာလကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေကြသဖြင့် ယခုအချိန်တွင် ကျေးရွာတွင်မရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(၈-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျှောင် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | ✓ | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | ✓ | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | ✓ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။**

**အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။ ။** အလုပ်အကိုင်ရှားပါးသည့် ကာလများဖြစ်သည့် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကျေးရွာရပ်မိရပ်ဖ၊ ဘာသာရေးအသင်းထောက်(ဂေါပက)များမှ တစ်လလျှင်တစ်ကြိမ် ဆန်တစ်အိတ်နှင့် ဆီတစ်ပိဿာ၊ အတိုးမဲ့ထောက်ပံ့မှုများပြုလုပ်ကာကျေးရွာနေမိသားစုဝင်များ စားနပ်ရိက္ခာအထိုက်

အလျှောက်သက်သာရန်ဆောင်ရွက်ထားပါသည်။ တစ်ခါတစ်ရံ မြစ်ရေကြီးခြင်း၊ မြစ်ကမ်းပါးများ တိုက်စားမှုရှိသော်လည်း ဆိုးရွားစွာထိခိုက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | ✓ | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | ✓ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | ✓ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | ✓ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | ✓ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✓ | | | ✓ | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | ✓ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | ✓ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | ✓ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | ✓ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာနေပြည်သူများမှာစည်းလုံးညီညွတ်အေးချမ်းစွာနေထိုင်တတ်ကြပြီး မည်သို့သောအခြေအနေများတွင်မဆို လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိသော မိသားစုများအား စာနာဖေးမကူညီကြသည့်အလေ့အထရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

